# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၅ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

( ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် )

**တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေးအထောက်အကူပြုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန်အတွက်လည်းကောင်း၊ သက်ဆိုင်ရာတရားရုံးများတွင် ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုခံထားရသူများကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းကမ်းချက်များကြောင့် ရုံးထုတ်စစ်ဆေးနိုင်ခြင်းမရှိ၍ ချုပ်ရက်များရှည်ကြာနေသောကြောင့် ၎င်းတို့၏အခွင့်အရေး မဆုံးရှုံးစေရန် ထောက်ထားညှာတာ၍လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အမိန့်အမှတ် ၁၄၇/၂၀၂၁ နှင့် ၁၇၂/၂၀၂၁ တို့ကို ထုတ်ပြန်၍ ယင်းအမိန့်များပါ သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို သက်ညှာစွာဖြင့် အမှုများပိတ်သိမ်းပေးခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိနေသည့် တရားရုံးများတွင် စစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများကို မှန်ကန်၊ မြန်ဆန်ပြီး တရားမျှတစွာစစ်ဆေးဆောင်ရွက်နိုင်ရေးနှင့် တရားစွဲဆိုခံထားရသူများ၏ အခွင့်အရေးမဆုံးရှုံးစေရေးတို့အတွက် **"တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာသီတာဦး<br>ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးတင်ဆွေဝင်း<br>အတွင်းရေးမှူး<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဃ) | ဦးဇော်မင်းအောင်<br>အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |

(င) ဒေါ်တင်နွယ်စိုး အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(စ) ဒေါက်တာဆွေဆွေအောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဆ) ရဲဗိုလ်ချုပ် အောင်နိုင်သူ အဖွဲ့ဝင်
ဒုတိယရဲချုပ်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ရဲမှူးချုပ်ကျော်လင်း အဖွဲ့ဝင်
ဌာနကြီးမှူး
မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ရဲမှူးချုပ် မျိုးသူစိုး အဖွဲ့ဝင်
တပ်ဖွဲ့မှူး
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ည) ဗိုလ်ချုပ် အောင်ကျော်ကျော် အတွင်းရေးမှူး
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

၂။ တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့ သည် တရားရုံးများတွင်စစ်ဆေးဆဲဖြစ်သည့် ပြစ်မှုဆိုင်ရာမှုခင်းများကို တရားမျှတမှုရှိစွာဖြင့် မှန်မှန်နှင့်မြန်မြန် ဆောင်ရွက်နိုင်ရေး မိမိတို့၏ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ရန်နှင့် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ရာတွင် အခက်အခဲ သို့မဟုတ် အားနည်းချက်တစ်စုံတစ်ရာရှိပါက အဖွဲ့ဝင်အချင်းချင်း ချိတ်ဆက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှုခင်းများမှန်ကန်၊ မြန်ဆန်စွာပြီးပြတ်အောင် ဆောင်ရွက်ရန်ဖြစ်သည်။

၃။ တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေးအထောက်အကူပြုအဖွဲ့ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တရားရုံးများ ရုံးချိန်းအတွင်း အပြည့်အဝရုံးထိုင်နိုင်ရေးဆောင်ရွက်ပေးခြင်း၊

(ခ) တရားစွဲအဖွဲ့အစည်းများက တရားစွဲတင်ရာတွင် အမှုနှင့်ပတ်သက်သည့် သက်သေခံအထောက်အထားများ၊ သက်သေခံပစ္စည်းများ ပြည့်စုံစွာတင်ပြစေရန် ကြပ်မတ်ခြင်း၊

(ဂ) တရားရုံးကဆင့်ဆိုသည့် သက်သေများရုံးချိန်းရက်တွင် သက်သေခံနိုင်ရေးအတွက် သမ္မန်စာများ စနစ်တကျဆင့်ဆိုအတည်ပြုဆောင်ရွက်ရန် ကြပ်မတ်ခြင်း၊

(ဃ) တရားရုံးကထုတ်ဆင့်သည့် လူဖမ်းဝရမ်းများ၊ ပစ္စည်းရှာဝရမ်းများ၊ ပစ္စည်းသိမ်းဝရမ်းများကို စနစ်တကျအတည်ပြုပြီးသတ်မှတ်ရက်တွင် တရားရုံးသို့တင်ပို့ရန် ကြပ်မတ်ခြင်း၊

(င) အချုပ်တရားခံများ အချိန်မီရုံးရှေ့တင်ပို့ရန် ကြပ်မတ်ခြင်း၊

(စ) စစ်ဆေးဆဲအမှုနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ လိုအပ်ပါကညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်သည့် သဘောသက်ရောက်သော ဆောင်ရွက်မှုမျိုး မရှိစေရေးသတိပြုဆောင်ရွက်ရန်နှင့် တရားရုံး၏စစ်ဆေးစီရင်ခြင်းကို မထိခိုက်စေဘဲ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများတွင် အခက်အခဲများဖြစ်ပေါ်လာပါက ပေါင်းစပ်ညှိနှိုင်း၍ မှန်ကန်၊ မြန်ဆန်အောင် ဆောင်ရွက်ပေးခြင်း။

၄။ တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေး အထောက်အကူပြုအဖွဲ့၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တစ်လတစ်ကြိမ်တင်ပြရမည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃ - ၂ - ၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၉ / ၂၀၂၃၊ ၅ - ၅ - ၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၈ / ၂၀၂၃ နှင့် ၁၈ - ၈ - ၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၃ / ၂၀၂၃ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး